မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# အကြမ်းဖက်ဖောက်ခွဲမှုများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသည့် စွပ်စွဲချက်များအပေါ် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ ထုတ်ပြန်ကြေညာချက်

၁။ နအဖစစ်အစိုးရ၏ ပြည်ထဲရေးဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖောက်ခွဲမှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် တစုံတရာ ပတ်သက်မှုရှိကြောင်း ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၇) ရက်စွဲဖြင့် သတင်းထုတ်ပြန်ခဲ့ခြင်းသည် လုံးဝ အခြေအမြစ်မရှိသည့်အပြင်၊ တမင်လုပ်ကြံ စွပ်စွဲချက်ဖြစ်သဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။

၂။ နအဖ၏ အထက်ဖော်ပြပါ လုပ်ကြံစွပ်စွဲချက်၌ဖော်ပြထားသည့် ဖောက်ခွဲရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်ဆိုသော ပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းကိစ္စ တစုံတရာနှင့်မျှ ဆက်နွယ်ပတ်သက်ခဲ့ခြင်း အလျှဉ်းမရှိပါ။

၃။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် စတင်ဖွဲ့စည်းခဲ့သည့်အချိန်မှစ၍ ယနေ့အချိန်ထိ (၁၅) နှစ်ကျော် ဖြတ်သန်းခဲ့သည့်ကာလအတွင်း မည်သည့် အကြမ်းဖက်လုပ်ငန်း တစုံတရာကိုမျှ ပါဝင်ပတ်သက် လုပ်ဆောင်ခဲ့ခြင်း အလျှဉ်းမရှိခဲ့သည့်အပြင်၊ နောင်အနာဂတ်ကာလတွင်လည်း အကြမ်းဖက်လုပ်ငန်းများတွင် ပါဝင်၊ ပတ်သက်၊ လုပ်ဆောင်ရန်လည်း အကြောင်းကိစ္စ (လုံးဝ) မရှိပါ။

၄။ မြန်မာနိုင်ငံရှေ့နေများကောင်စီသည် မြန်မာနိုင်ငံအတွင်း၌ ဖြစ်ပွားခဲ့သော စစ်အစိုးရ၏ လက်ရဲဇက်ရဲဖြင့် ပြည်သူလူထုအပေါ်တွင် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့သည့် အမှုအခင်း၊ ပြစ်မှုကြီးများနှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်ခဲ့ကြသူများအား နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး (International Criminal Court) သို့ တရားစွဲဆို တင်ပို့နိုင်ရန်အတွက် နိုင်ငံတကာရှိ ဥပဒေ၊ တရားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းကြီးများနှင့် အတူတကွ ပူးပေါင်းဆက်သွယ် ဆောင်ရွက်နေသော အဖွဲ့အ စည်းတခုဖြစ်ပါသည်။

၅။ ထို့ပြင် မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် နအဖ စစ်အစိုးရလက်အောက်၌ ကျင်းပပြုလုပ်မည့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲသည် စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေမည့် နအဖ၏ ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် အသက်သွင်းပေးရန်ဖြစ်သည့်အပြင်၊ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရန်လည်း မည်သည့်အလားအလာ တစုံတရာကိုမျှ မတွေ့မမြင်ရသည့်အတွက်၊ ယခုလက်ရှိအနေအထားမျိုးဖြင့် ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲအား ပြည်သူလူထုက ဆန့်ကျင်ကန့်ကွက်သင့်ကြောင်း ဖွဲ့စည်းပုံအခြေခံနှင့် ဥပဒေရေးဆိုင်ရာ သုံးသပ်ချက်များကို တရားဝင် ထုတ်ပြန်ကြေညာထားသည့် အဖွဲ့အစည်းတခုလည်း ဖြစ်ပါသည်။

၆။ မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ လုပ်ဆောင်ချက်များသည် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်သော်လည်းကောင်း၊ တည်ဆဲဥပဒေများနှင့်သော်လည်းကောင်း ကိုက်ညီ၍ ပြည်သူလူထု၏အကျိုးစီးပွားအတွက် တရားနည်းလမ်းတကျ လုပ်ကိုင်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ နအဖ စစ်အစိုးရသည် မြန်မာနိုင်ငံရှေ့နေများကောင်စီ၏ စွမ်းဆောင်ချက်များ၊ ကြိုးပမ်းချက်များအား ထိခိုက်နစ်နာ ပျက်စီးစေရန်အတွက် "အကြမ်း ဖက်ဖောက်ခွဲဖျက်ဆီးရေး"များနှင့် ပတ်သက်ကြောင်း စွပ်စွဲချက်သည် အခြေအမြစ်လုံးဝမရှိသည့်အပြင် ပြည်တွင်း ပြည်ပရှိ ပြည်သူလူထုအား ထင်ရောင်ထင်မှားဖြစ်စေရန် တမင်ကြံရွယ်လှည့်စားသည့် နအဖ ပြည်ထဲရေးဝန်ကြီးဌာန၏ အရှက်သိက္ခာကင်းမဲ့သော လုပ်ဆောင်ချက်တခုမျှသာ ဖြစ်ကြောင်း၊ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

ရက်စွဲ – ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၂၉) ရက်။

**ဆက်သွယ်ရန်** – ဦးသိန်းဦး (ဥက္ကဋ္ဌ)
တယ်လီဖုန်း– (၆၆) ၀၈၉ ၂၀၃ ၂၉၇၂